**YANGON AERODROME COMPANY LIMITED**

*Setting the standard for high performance*

**Press Release**

# မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပေးအပ်သော Aerodrome Certificate ကို Yangon Aerodrome Company Limited လက်ခံရရှိ

**ရန်ကုန် - ဧပြီလ ၃၀ ရက်၊ ၂၀၁၉ ခုနှစ် -** မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (“**International Civil Aviation Organization - ICAO**”) ၏ အဖွဲ့ဝင်နိုင်ငံများအတွက်သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် နိုင်ငံတွင်းလိုအပ်ချက်များနှင့်အညီ ပေးအပ်သော လေယာဉ်ကွင်းအသိအမှတ်ပြုလက်မှတ် (Aerodrome Certification) ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော Yangon Aerodrome Company Limited (“**YACL**”) သို့ ပေးအပ်ခဲ့ပါသည်။

အဆိုပါအသိအမှတ်ပြုလက်မှတ်သည် မြန်မာနိုင်ငံ၏ အဓိကနိုင်ငံတကာလေကြောင်းဝင်ပေါက်ဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော YACL အနေဖြင့် လေဆိပ်လုပ်ငန်းများကို စီမံခန့်ခွဲရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်နေမှု၊ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့် လုပ်ငန်းမြန်ဆန်ထိရောက်မှုဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုများကြောင့် ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါလက်မှတ်သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်အထိ သုံးနှစ်တာအကျုံးဝင်မည်ဖြစ်ပြီး YACL အနေဖြင့် မြန်မာနိုင်ငံတွင်းနှင့် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ လိုအပ်သော လုပ်ငန်းဆောင်တာများကို တစိုက်မတ်မတ် လုပ်ဆောင်သွားရန် သံဓိဋ္ဌာန်ချပြီးဖြစ်ပါသည်။

ဤကဲ့သို့ အသိအမှတ်ပြုလက်မှတ်ရရှိရန် YACL သည် ၂၀၁၅ ခုနှစ်ကတည်းက လေဆိပ်လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များ ရေးသားပြုစုခြင်း၊ လိုအပ်သည့် လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းအဆင့်ဆင့်နှင့် လမ်းညွှန်ချက်များ၊ အစီအစဉ်များစသည့် လေဆိပ်အခြေခံအဆောက်အအုံဆိုင်ရာလိုအပ်ချက်များကို အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲစိန်ခေါ်မှုများအတွက် အဆင်သင့်ဖြစ်နေစေရန် လေဆိပ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ ရေးဆွဲဖော်ဆောင်ပြီး မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြပြီး ခွင့်ပြုချက်ရယူပြီးဖြစ်ပါသည်။

ထို့အပြင် YACL ၏ အဓိကမူဝါဒများအနက်မှ တစ်ခုဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးအတွက် ဝန်ထမ်းများအား လေဆိပ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းခွင်ဗဟုသုတများပိုမိုသင်ယူနိုင်စေရန်နှင့် အရည်အချင်းများ မြှင့်တင်ပေးရေး လေ့ကျင့်သင်တန်းပေးရန်အတွက် Airports Council International (ACI) မှ ကျွမ်းကျင်ပညာရှင်များကိုလည်း ဖိတ်ခေါ်၍ သင်တန်းများပို့ချသင်ကြားပေးစေခဲ့ပါသည်။

YACL မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကို လွှဲပြောင်းတာဝန်ယူခဲ့သည့် အချိန်မှ စတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်များကို လုံလောက်စွာနှင့် နိုင်ငံတကာအဆင့်မီလက်ခံဝန်ဆောင်မှုပေးနိုင်ရန် အောက်ပါလေဆိပ်အခြေခံအဆောက်အအုံများ တည်ဆောက်အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းများကို ၂၀၁၅ ခုနှစ်ကတည်းက Public – Private Partnership ဖြင့် တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ YACL သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့သည့်အချိန်မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်များကို လုံလောက်စွာနှင့် နိုင်ငံတကာအဆင့်မီလက်ခံဝန်ဆောင်မှုပေးနိုင်ရန် အောက်ပါလေဆိပ်အခြေခံအဆောက်အအုံများ တည်ဆောက်အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

- လေယာဉ်ရပ်နားရာနေရာ (Apron) အသစ်များ တည်ဆောက်ခြင်း။
- မတူညီသော လေယာဉ်အမျိုးအစားများကို တစ်ပြိုင်တည်းလက်ခံဝန်ဆောင်မှုပေးနိုင်သည့် parking stand အသစ်များ တည်ဆောက်ခြင်း။
- Rapid Exit Taxiways (RET) နှစ်ခုတည်ဆောက်ခြင်း။
- Taxiway layout ၊ လေကြောင်းအချက်ပြသင်္ကေတသစ်များနှင့် အမှတ်အသားများ ဖြည့်တင်းထားရှိခြင်း။
- RESA – Runway End Safety Area နှင့် AIPP- Aircraft Isolated Parking Position တည်ဆောက်ခြင်း။
- Apron Management Unit သီးသန့်ထားရှိပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပိုမိုဘေးကင်းလုံခြုံစိတ်ချရမှုရှိလာစေခြင်း၊ Follow Me vehicles ယန္တရားအသစ်များ စတင်အသုံးပြုခြင်း၊ Airside Traffic စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ခြင်း။

အထက်ပါဆောင်ရွက်ချက်များအားလုံးကို မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်နှင့်အညီ AIP – Aeronautical Information Publication တွင် ထည့်သွင်းဖော်ပြပြင်ဆင်ပြီးဖြစ်ပါသည်။




*လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်မှ Yangon Aerodrome Company Limited ၏ COO ဖြစ်သူ Mr. Jose Angeja အား ICAO Aerodrome Certification ပေးအပ်နေစဉ်*

YACL ၏ Chief Operating Officer ဖြစ်သူ Mr. Jose Angeja မှ "ဒီ aerodrome certification ကို လက်ခံရရှိတာဟာ အရင်နှစ်က ကြိုးစားအားထုတ်ခဲ့မှုတွေအတွက် ဆုလာဘ်တစ်ခုလို ခံစားရပြီး ရှေ့ဆက်ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်တွေအတွက်လည်း တွန်းအားတစ်ရပ်ဖြစ်စေပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုပ်ငန်းတွေကို စီမံခန့်ခွဲ ဆောင်ရွက်နေတဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုအနေနဲ့ မြန်မာနိုင်ငံလေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ဆက်လက် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ လိုအပ်ချက်တွေနဲ့ သတ်မှတ်စံနှုန်းတွေကို ပြည့်မီအောင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမှာပါ။" ဟု ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး "ဒီ Aerodrome Certification က မြန်မာနိုင်ငံရဲ့ အနာဂတ်လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် YACL နဲ့ DCA ရဲ့ အောင်မြင်မှုပန်းတိုင်တစ်ခုပါပဲ။" ဟု ၎င်းက ပြောကြားခဲ့ပါသည်။

YACL သည် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုအနက် အစည်ကားဆုံးဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံခန့်ခွဲမှုလုပ်ငန်းများကို Public – Private Partnership ဖြင့် ၂၀၁၅ ခုနှစ်ကတည်းက စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ခရီးသည်ပေါင်း ၆.၀၃ သန်းကို လက်ခံဝန်ဆောင်မှုပေးနိုင်ခဲ့ကာ ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အသုံးပြုသူခရီးသည် ၃.၄% အထိ တိုးတက်လာခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုင်ငံတကာလေကြောင်းလိုင်း ၃၂ လိုင်းမှ အပြည်ပြည်ဆိုင်ရာခရီးစဉ်ပေါင်း ၃၀ ခုကို နေ့စဉ်ပျံသန်းပြေးဆွဲပေးနေပြီး ပြည်တွင်းလေကြောင်းလိုင်း ၇ လိုင်းမှလည်း ပြည်တွင်းခရီးစဉ်ပေါင်း ၂၈ ခုကို ပျံသန်းပြေးဆွဲလျက်ရှိပါသည်။

**-- End of Press Release --**

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇ ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃ ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၀ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။